# အသိပေးကြေညာချက်(၁၀/၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်

၁။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ရငွေများအပေါ် ၂၅% ကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂)အရ မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၇-၈-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်(၃၇/၂၀၂၄)ဖြင့် ပြင်ဆင်သတ်မှတ်ပေးထားပြီးဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ၏ ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ပေးသွင်းရေးဆောင်ရွက်ရာတွင် ဖြေလျှော့ပေးသည့်အနေဖြင့် ၃-၄-၂၀၂၂ ရက်နေ့မှ ၇-၈-၂၀၂၄ ရက်နေ့အထိ တင်ပို့ခဲ့သည့် ED များအတွက် အထူးအစီအမံအနေဖြင့် ၈-၈-၂၀၂၄ ရက်နေ့မှ ၃၀-၁၁-၂၀၂၄ ရက်နေ့အတွင်း ပြန်လည်ဝင်ရောက်ပေးသွင်းသည့် ပို့ကုန်လုပ်ငန်းရှင် Exporter များအား ၂၅% - ၇၅% အချိုးဖြင့် ခံစားခွင့်ပြုမည်ဖြစ်ပါကြောင်း၊ အဆိုပါ ၃၀-၁၁-၂၀၂၄ ရက်နေ့အတွင်း ၂၅% - ၇၅% အချိုးဖြင့် ပြန်လည်ဝင်ရောက် ပေးသွင်းခြင်းမရှိပါက ယခင်ပို့ကုန်ဆောင်ရွက်ခဲ့သောနှစ်များအလိုက် သတ်မှတ်ထားခဲ့သော ရာခိုင်နှုန်း(%) အချိုးများအတိုင်းသာ ပြန်လည်ဝင်ရောက်ပေးသွင်းရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်းနှင့် Export Earning ပြန်လည် ဝင်ရောက်ပေးသွင်းခြင်းမရှိပါက ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီဆိုင်ရာစီမံခန့်ခွဲမှု နည်းလမ်းများဖြင့် အရေးယူခြင်းကိုလည်းကောင်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းကိုလည်းကောင်း ဆောင်ရွက်မည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်ကို ၈-၈-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ထားပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပို့ကုန်ရငွေဝင်ရောက်ပေးသွင်းမှုအား ဖြေလျှော့ဆောင်ရွက်ပေးမှုအပေါ် သိရှိနိုင်ပါရန်နှင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ပေးသွင်းရေး ဆောင်ရွက်နိုင်ပါရန် ထပ်ဆင့်အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**